Government of Western Australia
Mental Health Commission

## သင့်အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်။

- သင့်အခွင့်အရေးဆိုင်ရာ အချက်လက်များကို သိရှိပိုင်ခွင့်ရှိသည်။ သင့်အားပေးသော ကုထုံးအကြောင်းနှင့်ပတ်သက်၍ အပြည့်အဝသိရှိပိုင်ခွင့်ရှိပြီး သင့်မေးခွန်းများအားဖြေဆိုပေးရန် တောင်းဆိုပိုင်ခွင့်ရှိသည်။
- ဆေးရုံတက်ပြီးနောက် ရုပ်ပိုင်းဆိုင်ရာစစ်ဆေးမှု ခံယူပိုင်ခွင့်ရှိသည်။
- စိတ်ကျန်းမာရေးဆရာဝန်နှင့် ဆွေးနွေးပိုင်ခွင့်ရှိသည်
- သင်မလိုလားသည့် မည်သည့်ကုသမှုကိုမဆို ငြင်းဆန်ပိုင်ခွင့်ရှိသည်။
- မည်သည့်အချိန်တွင်မဆို ဆေးရုံမှ ထွက်ခွာပိုင်ခွင့်ရှိသည်။
- ရွေးချယ်ထားသူအား ရွေးချယ်ပိုင်ခွင့်ရှိသည် (‘ရွေးချယ်ထားသူများ’ လက်ကမ်းစာဆောင်ကို ကြည့်ပါ)
- လူများအား စာတိုက်မှဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်စနစ်ဖြင့်ဖြစ်စေ ဆက်သွယ်ပြီးအလည်လာရန် တောင်းဆိုပိုင်ခွင့်ရှိသည် (မိမိဆန္ဒမပါပဲ ကုသမှုခံယူသောလူနာများအား တင်ထားနိုင်သည့်ဆေးရုံများတွင် ဤအခွင့်အရေးအား ကန့်သတ်ထားနိုင်သည်)
- ကိုယ်ရေးအချက်လက်များအား ကာကွယ်ထိန်းသိမ်းပေးခွင့်
- သင့်ဆေးဖက်ဆိုင်ရာ မှတ်တမ်းများအား ကြည့်ရှုခွင့် (ဤအခွင့်အရေးကိုလည်း ကန့်သတ်ထားနိုင်သည်)
- သင်ဆေးရုံတက်နေစဉ် သင့်ပိုင်ဆိုင်မှုများအား လုံခြုံစွာထိန်းသိမ်းပေးခံရခွင့်
- စိတ်ကျန်းမာရေးဝန်ဆောင်မှု သို့မဟုတ် ကျန်းမာရေးနှင့် မသန်စွမ်းမှု ဝန်ဆောင်မှုများဆိုင်ရာ စောဒကဖြေရှင်းရေးဌာန (HaDSCO) သို့ စောဒကတက်လွှာများ တင်သွင်းနိုင်သည် (ဖုန်း - 1800 813 583 )
- မိမိဆန္ဒမပါပဲ ကုသမှုခံယူသော လူနာများအားတင်ထားနိုင်သည့်ဆေးရုံတွင် သင်မှ မိမိသဘောတူညီချက်ဖြင့် တက်ရောက်သောသူဖြစ်နေပါက သင့်ဖြစ်ရပ်အား စိတ်ကျန်းမာရေးခုံရုံးမှ သုံးသပ်ပေးရန် တောင်းဆိုနိုင်သည် (ဖုန်း - 08 6145 3900)

## နောက်ထပ်အချက်လက်များ

ဤလက်ကမ်းစာစောင်တွင်ပါသော အချက်လက်များမှာ ၂၀၁၄ ခုနှစ် စိတ်ကျန်းမာရေးအက်ဥပဒေတွင် ဖော်ပြထားသော ဥပဒေများနှင့်သက်ဆိုင်ပါသည်။ အက်ဥပဒေပိုင်း အချက်လက်များအား အောက်ပါလက်ကမ်းစာစောင်များတွင် အကျဉ်းချုပ် ဖော်ပြထားပါသည် -

- စမ်းသပ်စစ်ဆေးမှုခံယူရန်အတွက် စိတ်ကျန်းမာရေးဆရာဝန်ထံသို့ လွှဲပြောင်းခြင်း
- အတွင်းလူနာကုသရေးညွှန်ကြားချက်
- ရပ်ရွာတွင်း ကုသရေး ညွှန်ကြားချက်
- ဆန္ဒဖြင့် တက်ရောက်သော လူနာများအတွက် အချက်လက်များ
- စိတ်ကျန်းမာရေးပြဿနာအတွက် ကုသမှုခံယူခြင်း
- လူနာစောင့်ရှောက်သူများအတွက် အချက်လက်များ
- ရွေးချယ်ထားသော သူများ - ရွေးချယ်ခြင်းအားမည်သို့ပြုလုပ်ပြီး မည်သည့်အဓိပ္ပါယ်ရှိပါသနည်း။

## အခြား လက်ကမ်းစာစောင်များအား အောက်ပါတို့မှ ရရှိနိုင်ပါသည် -

- စိတ်ကျန်းမာရေး ခုံရုံး
- စိတ်ကျန်းမာရေးဆိုင်ရာ အားပေးကူညီရေး ဝန်ဆောင်မှုဌာန
- စိတ်ကျန်းမာရေး ဥပဒေစင်တာ

၂၀၁၄ စိတ်ကျန်းမာရေးအက်ဥပဒေနှင့် အခြားရင်းမြစ်အချက်လက်များအကြောင်း နောက်ထပ်သိလိုပါက စိတ်ကျန်းမာရေးကော်မစ်ရှင် ဝက်ဘ်ဆိုက် ဖြစ်သည့် www.mhc.wa.gov.au သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် (08) 6272 1200 သို့ ခေါ်ဆိုဆက်သွယ်ပါ။

This document can be made available in other languages and alternative formats on request.

Published by the Mental Health Commission (2015)

# ဆေးရုံတွင် သဘောတူညီချက်ဖြင့် ကုသမှုခံယူသော လူနာများအတွက် အချက်လက်များ



ဤလက်ကမ်းစာစောင်မှ ဖော်ပြပေးသော အချက်လက်များမှာ သင့်ဘက်မှ စိတ်ကျန်းမာရေးပြဿနာတစ်ရပ်အတွက် ဆေးရုံတွင် မိမိဆန္ဒအရ ကုသမှုခံယူသည့်အခါ သင့်အခွင့်အရေးများနှင့် သင်မျှော်လင့်နိုင်သည့်အရာများ အကြောင်း ဖြစ်ပါသည်။

## ဆေးရုံတွင် သဘောတူညီချက်ဖြင့် ကုသမှုခံယူခြင်း

သင့်ဘက်မှ သဘောတူညီချက်ဖြင့် ဆေးရုံတက်ရခြင်း အကြောင်းရင်းမှာ

- သင် ဆေးရုံမှရရှိသော ကုသစောင့်ရှောက်မှုများကြောင့် သင့်အတွက် အကျိုးရှိမည်ဟု စိတ်ကျန်းမာရေးဆရာဝန်မှ ယုံကြည်သောကြောင့်
- သင်(သို့မဟုတ် သင့်ကိုယ်စား သဘောတူညီမှု ဆန္ဒပေးနိုင်သည့် တစ်စုံတစ်ယောက် ဥပမာ အုပ်ထိန်းသူ) မှ ဆေးရုံ တက်ရန် သဘောတူခဲ့ခြင်းကြောင့်

## သင်မည်သည်တို့ကို မျှော်လင့်နိုင်ပါသနည်း။

သင့်သည် ဆေးရုံကုသဆောင်အတွင်း လူနာတစ်ဦးဖြစ်လာမည် ဖြစ်ပြီး ဆေးရုံကုသဆောင်အတွင်း နေထိုင်ရေးဆိုင်ရာစည်းမျဉ်း များနှင့် လုပ်ထုံးများကို ဆေးဝန်ထမ်းများမှ ရှင်းပြပေးမည် ဖြစ်သည်။ ဆေးရုံတက်နေစဉ် သင်တွေ့ဆုံရမည့်သူများမှာ စိတ်ကျန်းမာရေးဆရာဝန်၊ အခြားဆေးဝန်ထမ်းများဖြစ်သည့် စိတ်ပညာရှင်များ၊ လူမှုဝန်ထမ်းများ၊ ပြန်လည်သန်စွမ်းရေး ကုသမှုပညာရှင်များနှင့် သူနာပြုများ ဖြစ်ပါသည်။ သင့်စိတ် ကျန်းမာရေးပြဿနာအတွက် အကောင်းဆုံးကုထုံးများနှင့် စောင့်ရှောက်မှုများကို ဆုံးဖြတ်ရန် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်း ဆိုင်ရာ စစ်ဆေးမှုများကို သင်ခံယူရမည်။

## မည်သည့် ကုထုံးများ သင်ခံယူနိုင်ပါသနည်း။

ကုထုံးများတွင် ဆေးပေးကုသခြင်း၊ ပြန်လည်သန်စွမ်းရေးကုထုံး၊ တစ်ဦးချင်းအလိုက် သို့မဟုတ် အဖွဲ့လိုက်နှစ်သိမ့်ဆွေးနွေးခြင်း ၊ စိတ်ပိုင်းဆိုင်ရာအစီစဉ်များနှင့် ဦးနှောက်အား လျှပ်စီးရိုက်၍ ကုသခြင်း စသည်တို့ပါဝင်သည်။

သဘောတူညီချက်ဖြင့်ကုသခြင်းမှာ သင့်ထံမှ (သို့မဟုတ် သင့်ကိုယ်စားသဘောတူညီမှု ဆန္ဒပေးနိုင်သည့် တစ်စုံတစ် ယောက် ဥပမာ အုပ်ထိန်းသူ)ထံမှ ကြိုတင်အသိပေး အကြောင်း ကြား၍ရရှိသောဆန္ဒမပါပဲ သင့်အား ကုသမှုပေး၍မရဟုသည့် သဘောဖြစ်သည်။

ကြိုတင်အသိပေးအကြောင်းကြားပြီး သဘောတူညီချက်ပေးရန် သင့်ဘက်မှ

- သင့်ကုသမှုဆိုင်ရာ အချက်လက်များ၊ အခြားကုထုံးများ အကြောင်း ရှင်းလင်းချက်များနှင့် ဖြစ်လာနိုင်သည့်ဆိုးကျိုး များအကြောင်း သတိပေးချက်များကို နားလည်ရမည်။
- သင့်အား ကုသရေးဆိုင်ရာ ဆုံးဖြတ်ချက်နှင့် ပတ်သက်သည့် ကိစ္စရပ်များအား နားလည်ရမည်။
- သင့်အား ကုသရေးဆိုင်ရာ ဆုံးဖြတ်ချက်၏အကျိုး သက်ရောက်မှုကို နားလည်ခြင်း
- သင့်ဆုံးဖြတ်ချက်နှင့် ပတ်သက်နေသော အကြောင်းရင်းခံ များကို သေချာစဉ်းစားသုံးသပ်ရမည်။
- သင့်ဆုံးဖြတ်ချက်အား အသိပေးရမည်။

ယင်းအချက်လက်များနှင့် ပတ်သက်ပြီး သုံးသပ်စဉ်းစားရန်၊ မေးခွန်းများမေးရန်နှင့် နောက်ထပ်အချက်လက်များ သို့မဟုတ် အကြံပြုချက်များတောင်းဆိုရန် အချိန်အလုံအလောက်ရှိရမည်။

အကယ်၍ သင့်ဘက်မှ ကုသမှုကိုငြင်းဆန်သော်လည်း ဆေးဝန် ထမ်းများက ယင်းကုသမှုမှာ သင့်အသက်အားကယ်တင်နိုင်ရန် သို့မဟုတ် သင့်ကိုယ်သင်နှင့် အခြားသူများအား ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုအန္တရာယ်ဖြစ်စေခြင်းမှ ကာကွယ်ပေးနိုင်ရန် လိုအပ် သည်ဟုယူဆပါက သင့်ဆန္ဒမပါပဲသင့်အား ကုသမှုအတင်းပေး ပိုင်ခွင့်ရှိသည်။ ယင်းအား အရေးပေါ်စိတ်ပိုင်းဆိုင်ရာ ကုသမှုဟု ခေါ်ပါသည်။

## ဆေးရုံဆင်းခြင်းနှင့် ဆေးရုံမှ ထွက်ခွာခြင်း

မိမိသဘောတူညီချက်ဖြင့် ကုသမှုခံယူသောလူနာတစ်ဦးအနေ ဖြင့် သင်ဆန္ဒရှိသည့်အခါတိုင်းတွင် သင်ဆေးရုံမှဆင်းနိုင်သည် သို့မဟုတ် သင့်စိတ်ကျန်းမာရေးဆရာဝန်မှ သင့်အား ဆေးရုံ ဆင်းခွင့်ပြုနိုင်သည်။ သင့်ဘက်မှ ဆေးရုံဆင်းလိုပါက မဆင်းမီ သင့်စိတ်ကျန်းမာရေးဆရာဝန်အပြင် အခြားဆေးဝန်ထမ်းများနှင့် ဦးစွာဆွေးနွေးတိုင်ပင်ရန် အရေးကြီးပါသည်။

## သင့်ဆန္ဒအားဆန့်ကျင်ပြီး သင့်အား ဆေးရုံတွင် ဆက်တင်ထား နိုင်ပါသလား။

အကယ်၍ သင့်ဘက်မှ ဆေးဖက်ဆိုင်ရာ အကြံပြုချက်များကို ဆန့်ကျင်ပြီး ဆေးရုံမှ ထွက်ခွာလိုသော်လည်း ဆရာဝန် သို့မဟုတ် အသိအမှတ်ပြု စိတ်ကျန်းမာရေးကျွမ်းကျင်ပညာ ရှင်မှ (အရည်အချင်းပြည့်ဝသော စိတ်ကျန်းမာရေးလက်တွေ့ ကျွမ်းကျင်ပညာရှင်)မှ သင့်အား မိမိဆန္ဒမပါသော ကုသမှုပေး ရန် ညွှန်ကြားချက် ပြုလုပ်ဖို့လိုသည်ဟု ဆုံးဖြတ်ပါက ယင်း ပုဂ္ဂိုလ်မှ လွှဲပြောင်းဖောင်ပုံစံ 1A ကိုအသုံးပြု၍ စမ်းသပ်စစ်ဆေး မှုပြုလုပ်ရန် လွှဲပြောင်းပေးမည်ဖြစ်သည်။

အကယ်၍ သင်သည် မိမိဆန္ဒမပါပဲ ကုသမှုခံယူသောလူနာများ အား တင်ထားနိုင်သည့်ဆေးရုံတွင် တက်ရောက်နေပါက သင့်အား ဆေးရုံမှ ထွက်ခွာမှုမပြုရန် ၆ နာရီထိ တားမြစ်ထား နိုင်ပြီး ဆရာဝန်/ကျွမ်းကျင်ပညာရှင်မှ သင့်အားစိတ်ကျန်းမာရေး ဆရာဝန်တစ်ဦးထံသို့ လွှဲပြောင်းပေးရန် လိုမလိုအား ဆုံးဖြတ်နိုင် မည်ဖြစ်သည်။

စမ်းသပ်စစ်ဆေးရာတွင် စိတ်ကျန်းမာရေးဆရာဝန်မှ သင့် အတွက် ဆန္ဒမပါသော စိတ်ကျန်းမာရေးကုသမှုအား ပေးရန် သင့်မသင့်ဆုံးဖြတ်ဖို့ရာ အောက်ပါအချက်လက်များကို ထည့် သွင်းသုံးသပ်ပါမည်။

- ကုသမှုခံယူရန် လိုအပ်သော စိတ်ကျန်းမာရေးပြဿနာ ရှိနေပါသလား။
- သင့်ဘက်မှ ကုသမှုမခံယူလျှင် သင့်ကိုယ်သင်နှင့် အခြားသူတစ်ဦးဦးအား ထိခိုက်စေမည့် အလားလာ သိသိသာသာရှိပါသလား။
- ကုသမှုနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ခံယူရန် သင် ကျန်းမာသင့်သလောက် ကျန်းမာပါရဲ့လား။
- သင့်ဆန္ဒမပါသော ကုသမှုပြုလုပ်ခြင်းထက် သင့်အား ထိန်းချုပ်မှုနည်းနည်းဖြင့် ကုသမှုပေးနိုင်သည့်နည်းလမ်း ရှိပါသလား။

အကယ်၍သင့်အား မိမိဆန္ဒမပါသောကုသမှုပေးရန် သင့်ဘက်မှ စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက သင့်အား ဆေးရုံ မှ ထွက်ခွာခွင့်ပြုပါမည်။